CB BANK

အကြောင်းအရာ။ ။Online (သို့မဟုတ်) Website အား အသုံးပြု၍ တရားဝင်ခွင့်ပြုထားသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများရောင်းဝယ်မှုတို့အတွက် ငွေပေးချေသည့်စနစ်အား CB Bank ၏ E-commerce Gateway ဖြင့် ဆက်သွယ်ဆောင်ရွက်ရန် သဘောတူညီချက်။

ဤသဘောတူညီချက်စာချုပ် တွင် CB Bank နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ကုန်သည်အား MasterCard/Visa Card များဖြင့် ကုန်ပစ္စည်းများရောင်း/ဝယ်ယူခြင်းနှင့် ဝန်ဆောင်ခများအတွက် ငွေပေးချေခြင်းလုပ်ငန်းများကို CB Bankနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့် ပေးထားပါသည်။ ထိုကဲ့သို့ ငွေပေးချေရာတွင် နိုင်ငံတကာသုံး MasterCard/Visa Card များကို အမျိုးအစားမခွဲခြားဘဲ လက်ခံဆောင်ရွက်ပါမည်ဟု သဘောတူရပါမည်။ ထို့အပြင် အောက်ဖော်ပြပါ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရပါမည်။

ကုန်သည်/လူကြီးမင်းမှ တစ်စုံတစ်ရာ စုံစမ်းမေးမြန်းလိုပါက CB Bank ၏ Card & Merchant Service Department (ရုံးချိန်အတွင်း )ဖုန်းနံပါတ်-09-457750560,01- 8378906 တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

CB BANK

# ကုန်သည်နှင့်သဘောတူညီမှုစာချုပ် (Merchant Agreement) (E-Commerce)

ဤသဘောတူညီမှုစာချုပ် သည် အောက်ဖော်ပြပါ ကုန်သည်နှင့် CB Bank အဖွဲ့အစည်းနှစ်ခုကြားတွင် တရားဝင် ချုပ်ဆိုသော သဘောတူညီချက် စာချုပ် တွင် ပါဝင်မည့် အကြောင်းအရာများဖြစ်ပါသည်။

## ၁. <u>အသုံးအနှုန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်</u>

၁.၁ သဘောတူညီမှုစာချုပ်အက်ဥပဒေ ပါဝင်သည့် စကားလုံး အသုံးအနှုန်းများအား အောက်ပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်ဖြစ်သည်။

**"အဖွဲ့အစည်း"** ဆိုသည်မှာ MasterCard/Visa Card အစီအစဉ်တွင် ပါဝင်သည့်ဘဏ် (သို့မဟုတ်) ကတ်များကို ထုတ်ဝေသည့် အဖွဲ့အစည်း (သို့မဟုတ်) ကတ်များအား လက်ခံဆောင်ရွက်သည့် အဖွဲ့အစည်းများကို ရည်ညွှန်းပါသည်။

**"ဘဏ်ဖွင့်ရက်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးရန် တရားဝင် သတ်မှတ်ထားသော နေ့ရက်များကိုဆိုလိုပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှ တရားဝင် သတ်မှတ်ထားသော စနေနှင့် တနင်္ဂနွေနေ့များ မပါဝင်ပါ။

**"ဘဏ်ဖွင့်ချိန်"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးရန် တရားဝင် သတ်မှတ်ထားသော နံနက် (၉း၃၀) မှ ညနေ (၃း၀၀) ထိ ကို ဆိုလိုပါသည်။

**"ခွင့်ပြုချက်တောင်းခံခြင်း"** ဆိုသည်မှာ MasterCard/Visa Card ဖြင့် ငွေပေးချေမှုအတွက် ကတ်ထုတ်ဝေသူမှ(သို့မဟုတ်) ကတ်ထုတ်ဝေသူ၏ ကိုယ်စားလှယ်မှ ထိုငွေပေးချေမှုအား ခွင့်ပြုခြင်း(သို့မဟုတ်) ငြင်းဆိုခြင်း ကိုဆိုလိုပါသည်။

**"ကတ်"** ဆိုသည်မှာ Master/Visa အမှတ်တံဆိပ်ပါရှိသော ကတ်များကို တရားဝင်ထုတ်ဝေခွင့် လိုင်စင်ရရှိထားသော ဘဏ်(သို့မဟုတ်)ငွေရေးကြေးရေးအဖွဲ့အစည်း (သို့မဟုတ်) အခြားငွေရေးကြေးရေး အဖွဲ့အစည်းမှ ထုတ်ဝေထားသည့် ကတ်များကို ဆိုလိုပါသည်။ ထို့အပြင် ၄င်းကတ်၏ မျက်နှာပြင်ပေါ်တွင် ဖောင်းကြွစာလုံးဖြင့် ရိုက်နှိပ်ဖော်ပြထားသော သက်တမ်းမကုန်ဆုံးသေးသည့် ကတ်ကိုဆိုလိုပါသည်။ ပုံမှန်အားဖြင့် ကတ်၏မျက်နှာပြင်ပေါ်တွင် ကတ်ပိုင်ရှင်၏ အမည်၊ ကတ်၏ သက်တမ်းကာလ၊ ကတ်ပိုင်ရှင်၏ ကတ်ငွေစာရင်းနံပါတ် စသည်တို့လည်း ပါဝင်ပါသည်။

**"ကတ်အဖွဲ့ဝင်"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူကို ဆိုလိုပါသည်။ ကုန်သည်၏ Website ၌ ဖော်ပြထားသော ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများအတွက် ထိုကတ်အား အသုံးပြု၍ ငွေပေးချေနိုင်ပါသည်။

**"ကတ်နှင့်သက်ဆိုင်သည့်ရောင်းဝယ်မှုများ"** ဆိုသည်မှာ ကတ်ကိုင်ဆောင်သူမှ ကတ်ကိုအသုံးပြု၍ ကုန်သည်၏ Website ၌ ဖော်ပြထားသော ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများအတွက် ကတ်အားအသုံးပြု၍ ငွေပေးချေခြင်းဖြစ်ပါသည်။

**"ကတ်ဖြင့် ငွေပေးချေမှု ပြုလုပ်သည့် နေ့ရက်"** ဆိုသည်မှာ Master/Visa အမှတ်တံဆိပ်ပါရှိသော ကတ်အားအသုံးပြု၍ ငွေပေးချေမှုပြုလုပ်သည့် နေ့ရက်(သို့မဟုတ်) ဘဏ်မှလုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ သတ်မှတ်လိုက်သော ငွေပေးချေသည့် နေ့ရက်ကို ဆိုလိုပါသည်။

**"ကျသင့်ငွေအား ပြန်လည်တောင်းခံခြင်း"** ဆိုသည်မှာ Master/Visa အမှတ်တံဆိပ်ပါရှိသော ကတ်များဖြင့် ငွေပေးချေမှု ပြုလုပ်ပြီးနောက် ကတ်သုံးစွဲသူမှ ကျသင့်ငွေပေးချေရန် ငြင်းဆိုခြင်းများအတွက် ဘဏ်မှ ထိုကျသင့်ငွေအား ပြန်လည် ရရှိရန်အတွက် ပြန်လည်တောင်းခံရယူခြင်းကို ဆိုလိုပါသည်။

**"ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူနိုင်သည့်နေရာ"** ဆိုသည်မှာ ကုန်သည်မှ မိမိ၏ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို Master/Visa ကတ်ကိုင်ဆောင်သူများ အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ပေးထားသော အရောင်းနေရာများကို

ဆိုလိုပါသည်။ (ဥပမာ - Merchant ၏ Website (သို့မဟုတ်) Online Store ပေါ်တွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု များအား အလွယ်တကူ ဝယ်ယူနိုင်အောင် ဖန်တီးဆောင်ရွက်ပေးထားခြင်း)

**“မြန်မာကျပ်ငွေ(MMK)”**ဆိုသည်မှာ ဗဟိုဘဏ်မှ မြန်မာနိုင်ငံအတွင်း သုံးစွဲရန် တရားဝင် ခွင့်ပြုထားသော ငွေကြေးအမျိုး အစား ဖြစ်သည့် မြန်မာကျပ်ငွေ “MMK” ငွေကြေးအမျိုးအစားကို ဆိုလိုပါသည်။

**“ရောင်းချသည့်ကုန်ပစ္စည်းများ”**ဆိုသည်မှာ ကုန်သည်၏ Websiteတွင် ဖော်ပြထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ တရားဝင် ရောင်းဝယ်ခွင့်ပြုထားသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ဆိုလိုပါသည်။

**“ကုန်သည်”**ဆိုသည်မှာ လူပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ရောင်းချနိုင်ရန် Website (သို့မဟုတ်)၊ လက်ကိုင်ဖုန်း (MobileApplication)များ ဆောင်ရွက်ပေးသောသူ (သို့မဟုတ်)၊ အဖွဲ့အစည်းကို ဆိုလိုပါသည်။

**“ဘဏ်မှ ကောက်ခံသော ဝန်ဆောင်မှုနှုန်းထား”**ဆိုသည်မှာ ဘဏ်မှကုန်သည်သို့ ရောင်းဝယ်မှု၏ ပမာဏပေါ်တွင် ဘဏ်ဝန်ဆောင်မှုအတွက် ကောက်ခံသော နှုန်းထားကိုဆိုလိုပါသည်။ ထိုနှုန်းထားအား ဘဏ်မှ ကုန်သည်သို့ ပေးရန် ရှိသည့် ကုန်သည်၏ ရောင်းချရငွေပမာဏမှ နုတ်ယူသွားပါမည်။ အသေးစိတ် ရှင်းလင်းချက်အား နံပါတ်စဉ် (၈) တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။

**“အလွယ်တကူ သယ်ဆောင်နိုင်သည့် စက်ကိရိယာ”**ဆိုသည်မှာ အလွယ်တကူ သယ်ဆောင်နိုင်သည့် ဆက်သွယ်ရေး ကိရိယာဖြစ်ပါသည်။ ထိုဆက်သွယ်ရေးကိရိယာဆိုသည်မှာ လက်ကိုင်ဖုန်း၊ Personal Digital Assistant (PDA)ဖြစ်သည့် ကိုယ်ရေးကိုယ်တာသုံး ဒီဂျစ်တယ်စက်ကိရိယာ နှင့် Laptop ကွန်ပြူတာစသည်တို့လည်း ပါဝင်ပါသည်။

**“ငွေပေးချေသည့်နည်းလမ်းများ”**ဆိုသည်မှာ ကတ်ကိုင်ဆောင်သူမှ ကုန်ပစ္စည်းများဝယ်ယူခြင်း(သို့မဟုတ်) ဝန်ဆောင်မှု များအားဝယ်ယူခြင်း တို့အတွက် ငွေပေးချေရန်ရှိသောပမာဏအား ကုန်သည်မှသတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ငွေပေးချေရန် ညွှန်ကြားချက်ကို ဆိုလိုပါသည်။ (ဥပမာ- အရစ်ကျစနစ်ဖြင့် ငွေပေးချေရန် သတ်မှတ် ထားခြင်း)

**“တရားဝင်အသုံးပြုနိုင်သောကတ်”**ဆိုသည်မှာ ကတ်၏မျက်နှာပြင်ပေါ်တွင် ရိုက်နှိပ်ဖော်ပြထားသော ကတ်ပေါ်တွင် သက်တမ်းကုန်ဆုံးမည့်ရက် မကျော်လွန်သည့် တရားဝင်ခွင့်ပြုထားသော မည်သည့် ကတ်ကိုမဆို ဆိုလိုပါသည်။

၁.၂ ဤသဘောတူစာချုပ်တွင် ပါဝင်သည့်ရည်ညွှန်းသော လူပုဂ္ဂိုလ်တစ်ဦးသည် လိုအပ်ပါက တစ်ဦးတစ်ယောက်မှ အဖွဲ့အစည်းသို့ ရည်ညွှန်းခြင်း၊ လူအများသို့ရည်ညွှန်းခြင်း (သို့မဟုတ်) ကတ်ကိုင်ဆောင်သူနှင့် သက်ဆိုင်သော မည်သည့်အဖွဲ့အစည်းကိုမဆိုဆိုလိုပါသည်။ ဤသဘောတူစာချုပ်တွင် ပါဝင်သည့် ဝါကျကဏ္ဍများသည် သက်ဆိုင်သည့် လူတစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းသို့ ရည်ညွှန်းသက်ရောက်စေရမည်။

၁.၃ ၄င်းစည်းကမ်းသတ်မှတ်ချက်တွင် ပါရှိသော ဝါကျကဏ္ဍများ၏ ခေါင်းစဉ်များသည် ဤသဘောတူစာချုပ်တွင် ပါဝင်သည့် စည်းကမ်းသတ်မှတ်ချက်များ၊ သဘောတူစာချုပ်၏ တည်ဆောက်ပုံနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စဉ်းစား ဆုံးဖြတ်ရန် မသင့်လျော်ပေ။

## ၂. ကတ်ဖြင့် အသုံးပြု၍ ငွေပေးချေခြင်း

၂.၁ ဤသဘောတူစာချုပ်တွင် သဘောတူထားသည့်အတိုင်း ကုန်သည်အနေဖြင့် ကတ်သုံးစွဲသူ၏ MasterCard/Visa Card မည်သည့်ကတ်ကိုမဆို ကုန်သည်၏ Website ပေါ်တွင် လက်ခံဆောင်ရွက်ပေးရပါမည်။ ကုန်သည်သည် CB Bank သို့ ပေးရန်ရှိသော MDR (Merchant Discount Rate) အား ကတ်သုံးစွဲသူထံမှ ကောက်ခံခြင်း မပြုရန်လုံးဝတားမြစ် ပါသည်။

၂.၂ ကုန်သည် သည် ဘဏ်မှ သတ်မှတ်ထားသည်ဖြစ်စေ မသတ်မှတ်ထားသည်ဖြစ်စေ Website လုံခြုံရေးနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းအတိုင်း စီမံဆောင်ရွက်ထားရပါမည်။ ထိုကဲ့သို့ ဆောင်ရွက်ထားမှုတွင် တရားဝင် သက်တမ်းရှိသော ကတ်ဖြင့် ပေးချေမှုများကိုသာ စိစစ်လက်ခံ ဆောင်ရွက်သွားရပါမည်။

၂.၃ ကုန်သည် သည် Website ပေါ်တွင် ဖော်ပြရောင်းချသည့် မိမိ၏ ကုန်ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှုများ နှင့်ပတ်သက်သည့် ကတ်ဖြင့်ငွေပေးချေနိုင်သည့် အစီအစဉ်များကို တိကျရှင်းလင်းစွာ ဖော်ပြထားရပါမည်။

၂.၄ ကုန်သည် သည် Website ပေါ်တွင် ဖော်ပြထားသော ကုန်ပစ္စည်းများ ရောင်းချမှုပြုလုပ်တိုင်း ကတ်ထုတ်ဝေသည့် ဘဏ်မှ ခွင့်ပြုချက် အား Webiste မှ တဆင့် အလိုအလျောက် ခွင့်ပြုချက်ရမှသာ ရောင်းချခွင့်ရှိပါသည်။

၂.၅ ကတ်သုံးစွဲသူသည် ကုန်သည်မှ သတ်မှတ်ထားသော ငွေပေးချေနိုင်သည့် အစီအစဉ်အတိုင်း ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများ ဝယ်ယူခဲ့ပါက ကုန်သည်မှ ထိုအစီအစဉ်အတိုင်း CB Bank သို့ ငွေတောင်းခံရပါမည်။

၂.၆ ကတ်သုံးစွဲသူသည် ကုန်သည်မှ သတ်မှတ်ထားသော ငွေပေးချေနိုင်သည့် အစီအစဉ်အတိုင်း သဘောတူ လက်ခံပြီးပါက ကုန်သည်အနေနှင့် ထိုအစီအစဉ်အတိုင်း တောင်းခံရပါမည်။ အခြားမသမာသော နည်းလမ်းများကို အသုံးပြု၍ တောင်းခံခြင်းကို CB Bank မှ လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၂.၇ ကုန်သည်အနေဖြင့် ငွေပေးချေမှုများအတွက် အမေရိကန်ဒေါ်လာ (သို့မဟုတ်) မြန်မာကျပ်ငွေ တစ်မျိုးမျိုးအား သုံးစွဲနိုင်ပါသည်။

## ၃. Merchant အသုံးပြုသည့် နည်းစနစ်

၃.၁ ကုန်သည်မှ CB Bank ၏ E-Commerce Server သို့ချိတ်ဆက်အသုံးပြုမည့် ကွန်ပြူတာစနစ်၏ လုံခြုံရေး၊ ထိန်းသိမ်းရေး၊ အဆင့်အတန်း မြှင့်တင်ရေးတို့အတွက် လိုအပ်သော ကုန်ကျစရိတ်များ အားလုံးကို တာဝန်ယူရပါမည်။

၃.၂ အထက်ဖော်ပြပါ စာပိုဒ် ၃.၁ ကို သဘောတူရမည့်အပြင် ကုန်သည်အနေဖြင့် ကတ်အသုံးပြုသူနှင့် ပတ်သက်သော သတင်းအချက်အလက်များအားလုံးကို ခွင့်ပြုသူ (သို့မဟုတ်) CB Bank ၏ တာဝန်ရှိသူမှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ပေါက်ကြားသိစေခြင်း၊ ရယူသုံးစွဲခွင့်ရစေခြင်းတို့မှ လုံးဝကာကွယ်ရမည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ခိုးယူခံရလျှင်သော်လည်းကောင်း၊ သတင်းအချက်အလက်များ ပေါက်ကြားခဲ့လျှင် သော်လည်းကောင်း၊ CB Bank သို့ချက်ခြင်း အကြောင်းကြား ဆွေးနွေး၍ အကာအကွယ်ပြုလုပ်မည့် အစီအစဉ်များအား ချက်ခြင်း လုပ်ဆောင်ရပါမည်။

၃.၃ ကုန်သည်အနေဖြင့် မိမိအသုံးပြုသော ကွန်ပြူတာစနစ်အား အပြောင်းအလဲလုပ်လိုပါက CB Bank သို့ ကြိုတင် အကြောင်းကြား၍ ပြန်လည်ချိတ်ဆက်နိုင်ရန် စမ်းသပ်ရပါမည်။ ထိုအပြောင်းအလဲပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုအတွက် CB Bank မှတာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးရန်တာဝန်မရှိပါ။

၃.၄ ကုန်သည်အသုံးပြုသော ကွန်ပြူတာစနစ်၏ ချွတ်ယွင်းပျက်စီးမှုများ (သို့မဟုတ်) လုံခြုံရေးနည်းပညာအားနည်းမှု (သို့မဟုတ်) လုံခြုံရေးပျက်ပြားမှုကြောင့် တွေ့ကြုံရမည့် ပျက်စီးဆုံးရှုံးမှုများ၊ ကုန်ကျစရိတ် များ၊ ငွေအလျော်တောင်းခံမှု များ ရှိခဲ့ပါက ကုန်သည်၏ တာဝန်သာဖြစ်ပြီး CB Bank တွင် တာဝန်မရှိစေရပါ။

၃.၅ CB Bank အနေဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ ကုန်သည်၏ ကွန်ပြူတာစနစ်အား ကြိုတင်အကြောင်းကြား၍ စစ်ဆေးပိုင်ခွင့်ရှိပြီး ထိုစစ်ဆေးမှုအား ကုန်သည်မှ သဘောတူလက်ခံရပါမည်။

## ၄. Website ၏ လိုအပ်ချက်များ

၄.၁ ကုန်သည်အနေဖြင့် မိမိအသုံးပြုသော Website ၏ လုံခြုံရေးစနစ်ပေါက်ကြားခြင်း (သို့မဟုတ်) မသင်္ကာစရာ ကတ်ဖြင့် အသုံးပြုခြင်းအား သံသယရှိခြင်း (သို့မဟုတ်) အခြား မသင်္ကာစရာ အကြောင်းအရာများ တွေ့ရှိပါက CB Bank သို့ ချက်ခြင်းအကြောင်းကြားရမည် ဖြစ်ကြောင်းကို ကုန်သည်မှ သဘောတူလက်ခံ ဆောင်ရွက်ရပါမည်။

၄.၂ ကုန်သည်အနေဖြင့် မိမိ Website တွင်ဖော်ပြထားသော အကြောင်းအရာများ (သို့မဟုတ်) ကြော်ငြာများ (သို့မဟုတ်) Website မှတဆင့် ထုတ်ယူ၍ ရသောစာရွက်စာတမ်းများတွင် ဖော်ပြထားသော ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများ နှင့်သက်ဆိုင်သော အကြောင်းအချက်များအတွက် ကုန်သည်မှ အလုံးစုံတာဝန်ယူရပါမည်။

၄.၃ ကုန်သည်နှင့် CB Bank အနေဖြင့် တစ်ဦးဦး (ကုန်သည် သို့မဟုတ် CB Bank) ၏ အမည်၊ အမှတ်တံဆိပ် Logos များအား ထိုအဖွဲ့အစည်း၏ ရေးသားထားသော ခွင့်ပြုချက်မပါရှိဘဲနှင့် အသုံးပြုခွင့်မရှိပါ။ အပြန်အလှန်သုံးစွဲလိုပါက စာရေး အကြောင်းကြား၍ ခွင့်ပြုချက်ရယူရပါမည်။ မည်ကဲ့သို့သောအခြေအနေမျိုးတွင်မဆို ကုန်သည်မှ CB Bank ၏ အမှတ်တံဆိပ်ကို အသုံးပြုခြင်းသည် CB Bank မှ ကုန်သည်ရောင်းချသည့် ကုန်ပစ္စည်းများအား ထောက်ခံသည်၊ အသိအမှတ်ပြုသည်၊ ထောက်ပံ့သည်၊ အာမခံသည်ဟူသော အဓိပ္ပာယ်များ သက်ရောက်မည်မဟုတ်ပါ။

၄.၄ CB Bank အနေဖြင့် ကုန်သည်၏ Website တွင် ဖော်ပြထားသည့် အခြားရောင်းသူကိုယ်စားလှယ်များ၊ ကုန်ပစ္စည်းပံ့ပိုးပေးသူများ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းတို့တွင် CB Bank အနေဖြင့် မည်သည့် အချိန်တွင်မဆို အချိန်မရွေး ပါဝင်ခွင့်ရှိပြီး ကုန်သည်မှလည်း ထိုကဲ့သို့ပါဝင်ခြင်းကို သဘောတူညီရမည်။

## ၅. CB Bank မှငွေပေးချေမှု

၅.၁ ကုန်သည်နှင့် ဆက်သွယ်ရောင်းဝယ်မှုပြုလုပ်လာသည့် ကတ်ကိုင်ဆောင်သူမှ ပြုလုပ်ထားသည့် ကတ်ဖြင့် ရောင်းဝယ်မှု (Transactions)အားလုံးကို ကုန်သည်မှ ငွေစာရင်းရှင်းလင်းမှု (Settlement) ပြုလုပ်ရန်အတွက် CB Bank ထံသို့တင်ပြရမည်။ ကတ်ကိုင်ဆောင်သူမှ အသိအမှတ်မပြုသော(သို့မဟုတ်) မသမာမှုဟု ယူဆရသော ကတ်ဖြင့် ရောင်းဝယ်မှု(Transactions)နှင့် ပတ်သက်သည့် မှတ်တမ်းများကိုမူ CB Bank ထံသို့ တင်ပြစရာမလိုပါ။ CB Bank အနေဖြင့် ဤသဘောတူညီချက် စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအရ ကုန်သည်၏ ငွေပေးချေရန် တောင်းဆိုမှုကို ဆောင်ရွက်မည်ဖြစ်သည်။

၅.၂ CB Bankသည် ကုန်သည်မှ တင်ပြလာသည့် ရောင်းရငွေများထဲမှ Merchant Discount Rate(MDR) ပမာဏအား တွက်ချက်နှုတ်ယူ၍ ကျန်ငွေကို ကုန်သည်ထံသို့ ပေးရန်သဘောတူညီပါသည်။ ထို Merchant Discount Rate(MDR) အား ပြောင်းလဲမှုရှိလျှင် CB Bankမှ ကုန်သည်ထံသို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ ထို့အပြင် ကုန်သည်မှ မိမိ၏ ငွေစာရင်းတွင် CB Bank မှ သတ်မှတ်ထားသော ငွေပမာဏ( )ကို လက်ကျန်အဖြစ် ထားရှိရန် သဘောတူရပါမည်။

၅.၃ CB Bank သည်ကုန်သည် အားငွေပေးချေမှုများနှင့် ပတ်သက်၍ အောက်ပါအတိုင်းလုပ်ဆောင်ပါမည်။

(က) အကယ်၍ ကုန်သည်မှ CB Bank နှင့် ငွေစာရင်း (Bank Account) ပိုင်ဆိုင်ပါက ထိုငွေစာရင်း (Bank Account) ထဲသို့ ငွေထည့်သွင်းခြင်း (သို့မဟုတ်)

(ခ) ကုန်သည်နှင့် CB Bank အကြားတွင် သဘောတူညီမှု ပြုလုပ်ပြီးပါကကုန်သည်၏ မြန်မာနိုင်ငံတွင်းရှိ အခြားဘဏ်ဖြင့် ပြုလုပ်ထားသော ငွေစာရင်း (Bank Account) ထဲသို့ ငွေလွှဲပြောင်းပေးခြင်း(သို့မဟုတ်)

(ဂ) CB Bank ၏ ငွေသားထုတ်ယူမှု နည်းလမ်းဖြင့် ငွေပေးချေခြင်း။

၅.၄ စာပိုဒ် ၅.၃ အရ CB Bankမှ ကုန်သည်အား ဝန်ဆောင်မှု (Service) ပေးထားခြင်းကြောင့် ထိုဝန်ဆောင်မှုများ အတွက် ကုန်ကျစရိတ်များ၊ စာရွက်စာတမ်းကြေးများနှင့် ဝန်ဆောင်မှုစရိတ် များကို CB Bank မှ ကောက်ခံနိုင်မည် ဖြစ်ပါသည်။

၅.၅ CB Bank မှပြုလုပ်သည့် ငွေပေးချေမှုများသည် CB Bank နှင့် ကုန်သည်အကြား သဘောတူညီထားသည့်အတိုင်း မြန်မာကျပ်ငွေဖြင့် ဖြစ်စေ၊ ပေးဆောင်ရမည့် ငွေပမာဏနှင့် ညီမျှသည့် နိုင်ငံခြားငွေဖြင့်ဖြစ်စေ ပေးဆောင်မည်ဖြစ်သည်။

၅.၆ ဤသဘောတူညီချက်စာချုပ်အရ ကုန်သည်မှ CB Bank သို့ ငွေပေးချေရန်ရှိသည့်အခါတွင် CB Bank မှ တစ်ဦးတည်း ဆုံးဖြတ်ခွင့်အာဏာဖြင့် အောက်ပါနည်းလမ်းများမှ ကြိုက်နှစ်သက်ရာ နည်းလမ်းကို အသုံးပြုနိုင်သည်။

(က) CB Bank ၏ငွေခုနှိမ်ခြင်း၊ လွှဲပြောင်းခြင်း အခွင့်အရေးများအား မည်သည့် ကန့်သတ်ချက်မှ မရှိဘဲ ကုန်သည်မှ CB Bank နှင့် ချိတ်ဆက်ထားသည့် မည်သည့် ငွေစာရင်း (Bank Account) များမှ မဆို သက်ဆိုင်သည့် ငွေပမာဏ ကို နှုတ်ယူနိုင်သည်။

(ခ) ကုန်သည်ကို ပေးရန်ရှိသည့် ငွေပေးချေမှုနှင့် သက်ဆိုင်သည့် Card Transaction (ကတ်ဖြင့် ရောင်းဝယ်မှု) များမှ သက်ဆိုင်ရာ ငွေပမာဏကို နှုတ်ယူနိုင်သည်။

(ဂ) ကုန်သည်အား ပေးဆောင်ရန်ကျန်ရှိသည့် ငွေပမာဏကို ကျသင့်ငွေပြေစာပေးပို့၍ ကောက်ခံခြင်း။ ဤသဘောတူစာချုပ်ပါ စာပိုဒ် ၁၉အရ ထိုကျသင့်ငွေပြေစာအား လက်ခံရရှိပြီးသည်နှင့် တပြိုင်နက် ပေးဆောင်ရမည်ဖြစ်သည်။

၅.၇ CB Bank သည် ကတ်ဖြင့်ငွေပေးချေမှု ပြုလုပ်ပြီးနောက် (၇)ရက်မြောက်သောနေ့မှစ၍ ကုန်သည်အား ငွေပြန်လည် ပေးချေမည်ဖြစ်သည်။ CB Bank မှ ငွေပေးချေမည့်ရက်သည် ဘဏ်ဖွင့်ရက်၊ ဘဏ်ဖွင့်ချိန်အတွင်းသာ ဆောင်ရွက်ပေး ပါမည်။

## ၆. CB Bankမှ ငွေပေးချေမှုနှင့်ပတ်သက်၍ ငြင်းဆိုပိုင်ခွင့်

၆.၁. အောက်ပါအခြေအနေများမှ တစ်စုံတစ်ရာဖြစ်ပွားခဲ့ပါက CB Bank အနေနှင့် တစ်ဦးတည်း ဆုံးဖြတ်ပိုင်ခွင့် အာဏာဖြင့် ကုန်သည်အား ငွေမပေးချေခြင်း၊ ကုန်သည်၏ ငွေစာရင်း (Bank Account) ထဲသို့ ငွေထည့်သွင်းမပေးခြင်း တို့ကို လုပ်ဆောင်နိုင်သည်။

(က) မည်သည့် အကြောင်းပြချက်ဖြင့်မဆို ဝယ်ယူသူမှ ကုန်ပစ္စည်းအား ပြန်လည်ပို့ဆောင်ခြင်း (သို့မဟုတ်) ဝန်ဆောင်မှု မလုပ်ဆောင်ထားခြင်း။

(ခ) ကတ်ဖြင့်ပြုလုပ်သည့် Transaction အောက်တွင် ရောင်းဝယ်ခဲ့သည့် ကုန်ပစ္စည်း၏ အသုံးပြုပုံ၊ အရည်အသွေး၊ အရေအတွက်၊ အသုံးဝင်ပုံတို့ဖြင့် ပတ်သက်၍ ဝယ်ယူသော ကတ်ကိုင်ဆောင်သူမှ အငြင်းပွားခြင်း (သို့မဟုတ်) ကုန်သည်မှ ကတ်ကိုင်ဆောင်သူအား တင်ပြခဲ့သည့် အာမခံချက်ကိုဖြစ်စေ၊ ကုန်သည်နှင့် ကတ်ကိုင်ဆောင်သူအကြား သဘောတူခဲ့သည့် ရောင်းဝယ်မှုဆိုင်ရာ စည်းမျဉ်းကိုဖြစ်စေ၊ ကုန်သည်မှ ချိုးဖောက်ခြင်း။

(ဂ) ကတ်ကိုင်ဆောင်သူနှင့် ကုန်သည်အကြား ရောင်းဝယ်မှုဆိုင်ရာ စည်းမျဉ်းအား ၎င်းမှ သဘောတူ လက်ခံခဲ့ခြင်း မရှိပါဟု ဝယ်ယူသော ကတ်ကိုင်ဆောင်သူမှ အငြင်းပွားခြင်း (သို့မဟုတ်) Card Transaction အောက်တွင် ရောင်းချလိုက်သည့် ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူသော ကတ်ကိုင်ဆောင်သူမှ မရရှိပါဟု အငြင်းပွားခြင်း (သို့မဟုတ်) ကတ်ကိုင်ဆောင်သူမှ ငွေပေးချေမှု နည်းလမ်းအား ၎င်း၏ သဘောတူညီချက်မပါရှိဘဲနှင့် လုပ်ဆောင်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်း ဖြစ်သည်ဟု အခိုင်အမာပြောဆိုခြင်း။

(ဃ) ကုန်ပစ္စည်းရောင်းချခြင်း၊ ဝန်ဆောင်မှု (Service) လုပ်ဆောင်ခြင်းတို့သည် အစိုးရအဖွဲ့အစည်း၏ စည်းမျဉ်း ဥပဒေ သတ်မှတ်ချက်များအား ချိုးဖောက်နေခြင်း။

(င) ကုန်သည်မှ ကတ်ဖြင့်ပြုလုပ်သည့် ရောင်းဝယ်မှု (Card Transaction) အား ငွေစာရင်းရှင်းလင်းမှု (Settlement) ပြုလုပ်ရန်အတွက် တင်ပြမှုမရှိခြင်း။

(စ) ကတ်ဖြင့်ပြုလုပ်သည့် ရောင်းဝယ်မှု (Card Transaction) နှင့်သက်ဆိုင်သည့် မှတ်တမ်းများ၊ စာရွက် စာတမ်းများ၊ စာရင်းဇယားများ၊ ငွေတောင်းခံစာများ၊ ငွေရှင်းပြေစာများ၏ မူရင်းဖြစ်စေ၊ မိတ္တူဖြစ်စေ၊ Printer ဖြင့် ထုတ်ယူ၍ရသည့် စာရွက်ဖြစ်စေ၊ CB Bank မှ လိုအပ်၍ တောင်းခံသည့် အခါကုန်သည်မှ ထိုအရာများအား မပေးဆောင်ခြင်း။

(ဆ) ကတ်ဖြင့်ပြုလုပ်သည့် ရောင်းဝယ်မှု Transaction အားမည်သည့် အကြောင်းပြချက်ဖြင့်မဆို ငြင်းဆိုခြင်း ကြောင့် CB Bankမှဖြစ်စေ၊ Issuer (သို့မဟုတ်) အခြားသက်ဆိုင်သူမှ လက်ခံရရှိသည့် ထိုကတ်ဖြင့် ရောင်းဝယ်မှုTransaction နှင့် သက်ဆိုင်သည့် ငွေပြန်လည်ဖြတ်ယူမှု (Chargeback) အတွက် ငွေတောင်းခံမှု။

(ဇ) ကတ်ဖြင့်ပြုလုပ်သည့် ရောင်းဝယ်မှုTransactions များတွင် မသမာမှု၊ အတုပြုလုပ်မှု၊ သံသယရှိစရာ အခြေ အနေများ ဖြစ်ပေါ်နေသည်ဟု CB Bank မှ ထင်မြင်ယူဆခြင်း။

(ဈ) ဤသဘောတူညီချက်စာချုပ်တွင်ပါဝင်သည့်စည်းမျဉ်းများဖြစ်စေ၊ CB Bank မှ ထုတ်ပြန်ထားသည့် လုံခြုံရေး ဆိုင်ရာစည်းမျဉ်းများ၊ လမ်းညွှန်ချက်များဖြစ်စေ၊ ကုန်သည်နှင့် CB Bank အကြားထားရှိသည့် အခြားသဘောတူညီမှုများကိုဖြစ်စေ၊ ဤသဘောတူညီချက်နှင့် မသက်ဆိုင်သော်လည်း ကုန်သည်မှ CB Bank သို့ လုပ်ဆောင်ရန်ရှိသည့် တာဝန်များကိုဖြစ်စေ ဖောက်ဖျက်ခြင်း။

(ည) ဤသဘောတူညီချက် စာချုပ်အား CB Bank မှ မည်သည့်အကြောင်းပြချက်ဖြင့်မဆို ဖျက်သိမ်းခဲ့ခြင်း။

၆.၂ CB Bank အနေဖြင့် ကုန်သည်အား ပေးချေခဲ့သည့် ငွေပေးချေမှုများအား ပြန်လည်ရယူရန်အတွက် တောင်းခံရာတွင် ကုန်သည်မှ CB Bank နှင့် ထားရှိသည့် ကုန်သည်၏ ငွေစာရင်း(Bank Account)ထဲမှ တိုက်ရိုက် ဖြတ်ယူ၍ဖြစ်စေ၊ CB Bank၏ ခုနှိမ်ခြင်း လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ဖြစ်စေ၊ ကုန်သည်မှ ငွေစာရင်းရှင်းလင်းမှု (Settlement) လုပ်ပြီးပြီးခြင်းတွင် ကုန်သည်အား ငွေတောင်းခံခြင်းပြုလုပ်၍ဖြစ်စေ၊ မည်သည့် နည်းလမ်းဖြင့်မဆို CB Bank မှ တစ်ဦးတည်းပိုင်အာဏာဖြင့် ငွေပြန်လည်ရယူခွင့်ရှိကြောင်း ကုန်သည်မှ သဘောတူညီရပါမည်။

## ၇. ငွေပြန်အမ်းခြင်းနှင့်ငွေနှုတ်ယူခြင်းများ

၇.၁ ကုန်သည်မှ CB Bank ထံသို့ ကတ်ဖြင့်ပြုလုပ်သည့်ရောင်းဝယ်မှု (Transactions) များအတွက် ငွေပြန်လည် ရယူရန် အတွက် တောင်းဆိုရာတွင် ကုန်သည်သည် ကတ်ကိုင်ဆောင်သူမှ ကုန်ပစ္စည်းပြန်လည်ပေးပို့/အမ်းခြင်းကို လက်ခံကာ ငွေပြန်လည်အမ်းခြင်း (သို့မဟုတ်) ထိုရောင်းဝယ်မှုအတွက် ငွေပမာဏအား ပြန်လည် ဖြည့်တင်း ပေးခြင်း(သို့မဟုတ်) ကတ်ကိုင်ဆောင်သူမှ ထိုရောင်းဝယ်မှုအား လုံးဝငြင်းဆိုသည့်အတွက် ငွေပမာဏ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ပြန်လည်ပေးခြင်းတို့အား ကုန်သည်မှ လုပ်ဆောင်ခဲ့ပါက ကုန်သည်အနေဖြင့် CB Bank နှင့် လိုအပ်သည့် စီစဉ်မှုများလုပ်၍ ကတ်ကိုင်ဆောင်သူ၏ ကတ်ငွေစာရင်း(Card Account) ထဲသို့ ရငွေကိုထည့်သွင်း ပေးရမည်ဖြစ်သည်။

၇.၂ လုပ်ဆောင်ရန်လိုအပ်သည်ဟု CB Bank မှသတ်မှတ်ပါက ကုန်သည်အနေဖြင့် ကတ်ကိုင်ဆောင်သူမှ ခွင့်ပြု ထားသော ပြန်အမ်းငွေပမာဏကို CB Bank ထံသို့ ပြန်လည်ပေးဆောင်ရမည်ဖြစ်သည်။

၇.၃ ငွေပြန်အမ်းခြင်း (refund) ဖြင့် ပတ်သက်၍ Master Card/Visa ဘက်မှ မူလ transaction ၏ တစ်လအတွင်းသာ လုပ်ဆောင်ခွင့်ပေးထားသည် ဖြစ်၍ တစ်လထက်ကျော်လွန်သော ငွေပြန်အမ်းခြင်း လုပ်ဆောင်ချက်များအတွက် ကတ်ကိုင်ဆောင်သူဘက်မှ အငြင်းပွားမှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကုန်သည်မှတာဝန်ယူရမည် ဖြစ်ပါသည်။

## ၈. Merchant Discount Rate

CB Bank မှ အခြားသောနည်းလမ်းဖြင့် Merchant Discount Rate (MDR) အား ရေးသားဖော်ပြထားခြင်း မရှိပါက၊ ကုန်သည် သည် CB Bank မှ ဖော်ပြထားသည့် Merchant Discount Rate (MDR) နှုန်းထားအတိုင်း ဤသဘောတူညီချက် စာချုပ်အရ တင်ပြလာသည့် ကတ်ဖြင့်ပြုလုပ်သည့် ရောင်းဝယ်မှု (Card Transactions)အားလုံး၏ ရောင်းရငွေပမာဏပေါ်တွင် CB Bank မှ Merchant Discount Rate အနေဖြင့် ဖြတ်တောက်ယူသည့် ငွေပမာဏကို ဆိုလိုသည်။ ထို Merchant Discount Rate နှင့် ကုန်သည်မှ CB Bank အား ပေးရန်ရှိသည့် ငွေပမာဏအား ပေါင်းကာ ကုန်သည်အတွက် ငွေပေးချေမှု မပြုလုပ်ခင်တိုင်းတွင် ကုန်သည်ထံမှ နှုတ်ယူသွားမည်ဖြစ်သည်။ ထို Merchant Discount Rate သည် CB Bank နှင့် ကုန်သည်ကြားရှိ စီးပွားရေးဆိုင်ရာ လျှို့ဝှက်သဘောတူညီချက်ဖြစ်သဖြင့် မည်သည့်နည်းလမ်းနှင့်မှ ပေါက်ကြားခြင်းမရှိစေရန် CB Bank ဘက်မှသော်လည်းကောင်း၊ ကုန်သည်ဘက်မှ သော်လည်းကောင်း နှစ်ဘက်စလုံးမှ တာဝန်ယူရပါမည်။

## ၉. ကုန်သည်မှလိုက်နာရမည့်စီးပွားရေးဝန်ဆောင်မှုလမ်းစဉ်များ

ကုန်သည်အနေဖြင့် အောက်ပါတို့ကို လုပ်ဆောင်ရမည်ဖြစ်သည်။

၉.၁ ရောင်းချသည့် ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအား ပြည့်စုံစွာဖော်ပြထားသည့် ဖော်ပြချက်များအပြင် အကယ်၍ ထိုကုန်ပစ္စည်းအား ထုတ်လုပ်သူ၊ ပံ့ပိုးပေးသူရှိပါက ထိုသူတို့မှ ကုန်ပစ္စည်းအား ပေးထားသည့် အာမခံချက် (Warranties)များ ကိုပါဖော်ပြရမည်ဖြစ်သည်။ ထို့အပြင် ကုန်သည်မှ မိမိ၏ ကုန်ပစ္စည်း(သို့မဟုတ်)ဝန်ဆောင်မှုများနှင့် သက်ဆိုင်သော Terms & Conditions များကို တိကျသေချာရှင်းလင်းစွာ ဖော်ပြထားရပါမည်။

၉.၂ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအတွက် ကျသင့်သည့် ရောင်းချငွေအား တိကျစွာ ဖော်ပြထားရန်နှင့် ပို့ဆောင်စရိတ် များကိုပါ မြန်မာကျပ်ငွေ (သို့မဟုတ်) CB Bank မှ လက်ခံသည့် နိုင်ငံခြားငွေအား တူညီသည့် ပမာဏဖြင့် ရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပါသည်။

၉.၃ CB Bank ၏ ဝန်ဆောင်မှု Payment Gateway ကို ကတ်ဖြင့်အသုံးပြု၍ တရားဝင်သော ကုန်ပစ္စည်းရောင်းခြင်း (သို့မဟုတ်) ဝန်ဆောင်မှုပေးခြင်းတို့တွင်သာ အသုံးပြုရပါမည်။

၉.၄ ရောင်းချရစေရန် ရည်ရွယ်ချက်ဖြင့် ကုန်ပစ္စည်းများအား ၎င်းတို့ရောင်းချရမည့် ငွေပမာဏထက် လျော့နည်းစွာ ရောင်းချခြင်း၊ စီးပွားရေးနည်းလမ်းအားဖြင့် မသင့်လျော်သော၊ လက်မခံနိုင်သောနည်းလမ်းများ အသုံးပြု၍ ကြေငြာခြင်း များအား ရှောင်ကြဉ်ရမည်။

၉.၅ ရောင်းချသည့် ပစ္စည်းများအား အသုံးပြုခွင့်၊ ရောင်းဝယ်ခွင့်ရှိသည့် နေရာတွင်သာ ကုန်သည်မှ ထိုကုန်ပစ္စည်း များကို ရောင်းဝယ်မည်ဖြစ်ကြောင်းကို ၎င်းတို့၏ Websiteတွင် တင်ထားရမည်ဖြစ်သည်။

### ၁၀.ကုန်သည်မှ သဘောတူညီချက်အား ချိုးဖောက်ခြင်း

ဤသဘောတူညီချက် စာချုပ်ပါ မည်သည့် စည်းကမ်းသတ်မှတ်ချက် တစ်ခုခုကိုဖြစ်စေ ကုန်သည်မှ ဖောက်ဖျက်ခဲ့ပါက CB Bank မှ တစ်ဦးတည်းပိုင်အာဏာဖြင့် ကုန်သည်၏ ငွေပေးချေမှုများမှ ဖြတ်ယူခြင်း(သို့မဟုတ်) ကုန်သည်မှ CB Bank နှင့် ချိတ်ဆက်ထားသည့် ဘဏ်ငွေစာရင်းထဲမှ ဖြတ်ယူခြင်းစသဖြင့် ကုန်သည်၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် ငွေစုစုပေါင်း (Merchant Discount Rate မပါဝင်ဘဲ)ကို ရယူမည်ဖြစ်သည်။ အကယ်၍ ကုန်သည်၏ ဘဏ်ငွေစာရင်းသည် လုံလောက်သော ငွေလက်ကျန်မရှိပါက၊ CB Bank အနေဖြင့် ကုန်သည်၏ ငွေပမာဏရှိသော ငွေစာရင်းမှ ဖြတ်ယူခြင်း (သို့မဟုတ်) ငွေပေးချေမှုအတွက် CB Bank သို့ တင်ပြလာသည့် Transactions များမှ ငွေပြန်လည်ဖြတ်ယူခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါသည်။ ကုန်သည်မှ ဤသဘောတူညီချက်တွင် ပါဝင်သည့် စည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ခြင်းကြောင့် Credit/Debit ကတ်များဖြင့် ရောင်းဝယ်မှုTransactionsများတွင် ကုန်သည်အား ပေးချေခဲ့သည့် ငွေများကို ပြန်လည်ဖြတ်ယူနိုင်ရန်CB Bank တွင် အခွင့်အရေး အပြည့်အဝရှိသည်။

### ၁၁.သဘောတူညီချက်အား လွှဲပြောင်းခြင်း

CB Bank ၏ ရေးသားထားသော သဘောတူညီချက်မပါရှိဘဲနှင့် ကုန်သည်မှ ဤသဘောတူညီချက် စာချုပ်၏ အကျိုးကျေးဇူး အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းခွင့်မရှိပါ။ ဤကဲ့သို့ တာဝန်လွှဲပြောင်းခြင်းကြောင့် CB Bank မှ ငွေပေးချေမှု မပြုလုပ်နိုင်ခြင်း (သို့မဟုတ်) အခြားညှိနှိုင်း ဆောင်ရွက်လုပ်ဆောင်ချက်များ ပေါ်ပေါက်မည် ဖြစ်သည်။ ထိုကဲ့သို့ တာဝန်လွှဲပြောင်းခြင်းကြောင့် CB Bank မှ ငွေပေးချေလိုက်မိသည့်အခါ ထိုငွေပေးချေမှုသည် ကုန်သည်ထံသို့သာ ပေးဆောင်သည်ဟု သတ်မှတ်မည်ဖြစ်သည်။

### ၁၂.နိုင်ငံတကာနှင့်ရောင်းဝယ်ဖောက်ကားမှု

ကုန်သည်သည် ၎င်းတို့ရောင်းချသည့်ကုန်ပစ္စည်းများအား တခြားနိုင်ငံသို့ တင်သွင်းရောင်းချမည်ဆိုပါက သက်ဆိုင်ရာ အာဏာရှိသူများ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ၊ ထိုရောင်းချမည့် နိုင်ငံ၏အစိုးရမှခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်မရှိဘဲ တင်သွင်းခြင်း၊ ထပ်ဆင့်တင်သွင်းခြင်းကို ခွင့်မပြုပေ။ ထို့အပြင် ကုန်ပစ္စည်းများ တင်ပို့တင်သွင်းရာတွင် မြန်မာနိုင်ငံ၏ သွင်းကုန်ထုတ်ကုန်ဆိုင်ရာ ဥပဒေများကို လိုက်နာရမည်ဖြစ်ပြီး ဆိပ်ကမ်းသို့ဝင်ခွင့်မပြု၊ တားမြစ်ထားသည့် အချိန်တွင် ပစ္စည်းများပို့ ဆောင်တင်သွင်းခြင်း၊ တင်ပို့ခြင်းစသည်တို့ သတိထားဆောင်ရွက်ရမည်ဖြစ်သည်။

### ၁၃.နစ်နာဆုံးရှုံးမှုအတွက်ပေးသောလျော်ကြေး

၁၃.၁ ယခုဖော်ပြထားသည့် စည်းမျဉ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ဘဏ်မှပေးဆောင်သည့် ဝန်ဆောင်မှုများကို ကုန်သည်မှသုံးစွဲခြင်းဖြင့် သော်လည်းကောင်း၊ ကုန်သည်၏ ကုန်ပစ္စည်းများအား ဝယ်ယူသူမှ ရယူအသုံးပြုရာတွင်သော်လည်းကောင်း၊ အောက်တွင်ဖော်ပြထားသည့် အခြေအနေများနှင့် ပတ်သက်၍ မှားယွင်းမှုများ ဖြစ်ပွား၍သော်လည်းကောင်း၊ အခြေအနေအရပ်ရပ်မှ ပေါ်ပေါက်လာသည့် ငွေတောင်းဆိုမှုများ၊ ငွေရပိုင်ခွင့်များ၊ တရားစွဲဆိုမှုများ၊ ပျက်စီးဆုံးရှုံးမှုများ၊ ကုန်ကျငွေများ(တရားစွဲဆိုမှု ဖြစ်ပေါ်ပါက ရှေ့နေကုန်ကျစရိတ်များ အပါအဝင်) အသုံးစရိတ် များသည် CB Bank ၏ အမှုထမ်းဝန်ထမ်းများ၊ ရှယ်ယာဝင်များ၊ ကိုယ်စားလှယ်များ၊ အမွေဆက်ခံသူများနှင့် သက်ဆိုင်သူအားလုံးတို့၌ တာဝန်မရှိစေရန်၊ ကင်းလွတ်စေရန်၊ ကုန်သည်မှ ကာကွယ်ပေးခြင်း၊ မနစ်နာစေရန် လျော်ကြေးပေးခြင်းတို့အား ပြုလုပ်ခြင်းဖြင့် CB Bank အား ငွေကြေးနစ်နာ ဆုံးရှုံးမှုအန္တရာယ် မရှိစေကြောင်းကို ကုန်သည်အနေဖြင့် သဘောတူညီရမည်ဖြစ်သည်။

(က) ကုန်ပစ္စည်းနှင့်ပတ်သက်၍တာဝန်ရှိမှုအတွက်ငွေတောင်းဆိုခြင်း။

(ခ) ကုန်သည်မှ အချက်အလက်များအား လိမ်လည်၍ဖော်ပြခြင်း၊ ထိုအချက်အလက်များသည် အခြားသူ၏ တရားဝင် ပိုင်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများအား ကူးယူဖော်ပြခြင်း၊ ပြည့်စုံခြင်းမရှိ၊ မတိကျသည့် အချက်အလက်များပေးသည်ဟု အခိုင်အမာပြောဆိုခြင်းတို့မှ ဆက်နွယ်ပေါ်ပေါက်လာသည့် ငွေတောင်း ဆိုခြင်း။

(ဂ) ကုန်သည်မှရောင်းချသည့် ကုန်ပစ္စည်းများသည် အခြားသူ၏ တရားဝင်ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်အား ချိုးဖောက်ခြင်းကြောင့် ငွေတောင်းဆိုခြင်း။

(ဃ) ဤတွင်ဖော်ပြထားသည့် ကုန်ပစ္စည်းနှင့် ပတ်သက်သော စည်းမျဉ်းတာဝန်များအား ကုန်သည်မှ ဖောက်ဖျက်ခြင်း ကြောင့်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှုများ။

(င) သက်ဆိုင်သည့်စည်းမျဉ်းဥပဒေနှင့် စည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှုများ။

(စ) ဂုဏ်သရေညှိုးနွမ်းစေရန် လုပ်ဆောင်ခြင်း၊ လုံခြုံမှုရှိစေရန် ထိန်းသိမ်းထားသည့် အချက်အလက်များအား ဝင်ရောက်စွက်ဖက်ခြင်း။

(ဆ) အခြားသူ၏လုပ်ပိုင်ခွင့်၊အခွင့်အရေးများအားချိုးဖောက်ခြင်း။

## ၁၄.CB Bank ၏ဝန်ဆောင်မှု (Service) ပေးခြင်းအား ရပ်ဆိုင်းခွင့်ရှိခြင်း

CB Bank ၏ တစ်ဦးတည်းလုပ်ပိုင်ခွင့် အာဏာဖြစ်သော ဝန်ဆောင်မှု (Service) များအား အကြောင်း တစ်စုံတစ်ရာ ကြောင့် ခေတ္တရပ်ဆိုင်းပိုင်ခွင့်ရှိသည်။ ထိုဝန်ဆောင်မှုအား ဖြစ်နိုင်သမျှ အမြန်ဆုံးပြန်လည်၍ ယခင်အခြေ အနေအတိုင်း သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထိုကဲ့သို့ ဝန်ဆောင်မှု (Service) အား ခေတ္တရပ်ဆိုင်း ထားခြင်းကြောင့် ကုန်သည်မှခံစားရသည့် ဆုံးရှုံးမှုများ ၊ ပျက်စီးမှုများ၊အဆင်မပြေမှုများ၊ ထိခိုက် ဒဏ်ရာရမှုများ၊ အရှက်ရမှုများ စသည့် မည်သည့် အခြေအနေအတွက်မဆို CB Bank မှ တာဝန်ရှိမည် မဟုတ်ပါ။

## ၁၅. သဘောတူစာချုပ်အား ဖျက်သိမ်းခြင်း

### ၁၅.၁ ကုန်သည်ဘက်မှဖျက်သိမ်းခြင်း

(က) ကုန်သည်အနေဖြင့် ဤစာချုပ်သက်တမ်း ကုန်ဆုံးပြီးသည့်နောက် CB Bank ထံသို့ ရုံးဖွင့်ရက် (၃၀) ရက် ကြိုတင်ကာ စာဖြင့် သတိပေး အကြောင်းကြားစာ ရေးသားပေးပို့၍ ဤသဘောတူညီချက်အား မည်သည့် အချိန်တွင်မဆို ဖျက်သိမ်းနိုင်ပါသည်။

(ခ) ဤကဲ့သို့ ဖျက်သိမ်းသော်ငြားလည်း ဖျက်သိမ်းမှု မတိုင်ခင်က ကုန်သည်မှ ပြုလုပ်ခဲ့သည့် စည်းကမ်းချိုး ဖောက်မှုများသည် CB Bank ၏ လုပ်ပိုင်ခွင့်များအပေါ် ဆက်လက်တည်ရှိမည်ဖြစ်ပြီး ကုန်သည် မှ CB Bank အား ပေးရန်ကျန်ရှိသည်များကို ဆက်လက်ပေးဆောင်ရမည် ဖြစ်သည်။

### ၁၅.၂ CB Bank ဘက်မှ ဖျက်သိမ်းခြင်း

(က) ကုန်သည်မှ ဤသဘောတူညီချက်စာချုပ်မှ စည်းမျဉ်းများအား လုပ်ဆောင်ရန် ပျက်ကွက်ခြင်း (သို့မဟုတ်) ထိုကဲ့သို့ပျက်ကွက်သည်ကို CB Bank မှ အကြောင်းကြားပြီးသည့်တိုင် အကြောင်းကြားပြီး ရုံးဖွင့်ရက် (၁၀)ရက် အတွင်း ထိုပျက်ကွက်မှုကို ဆောင်ရွက်မှုမရှိခြင်း (သို့မဟုတ်) ကုန်သည်ဖြစ်စေ၊ ကုန်သည်၏ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များမှဖြစ်စေ မသမာစွာ ဆောင်ရွက်နေခြင်း (သို့မဟုတ်) ဤအစီအစဉ် အားမသမာသောနည်းလမ်းဖြင့် လွဲမှားစွာအသုံးပြုခြင်း ၊ ဖြေရှင်းနိုင်စွမ်းမရှိသည့် အရှုပ်အထွေးများ၊ ဘေးအန္တရာယ်များတွင် ကုန်သည်မှ ပါဝင်ပတ်သက်ခြင်းတို့ ဖြစ်ပေါ်လာပါက ဤသဘောတူစာချုပ်အား စာချုပ်ပါ သက်တမ်းကုန်ဆုံးရက် မတိုင်မီ CB Bank ဘက်မှ ချက်ခြင်း ဖျက်သိမ်းမည် ဖြစ်ပါသည်။

(ခ) ထိုကဲ့သို့ ဖျက်သိမ်းခြင်းကို CB Bank မှ ကုန်သည်အား တရားဝင် အကြောင်းကြားပြီးသည်နှင့် တပြိုင်နက် ကုန်သည်မှ CB Bank သို့ ငွေပေးချေရန် ရှိသည်များကို ချက်ခြင်း ပေးဆောင်ရမည် ဖြစ်သည်။

## ၁၆.ဝန်ဆောင်ခကောက်ခံခြင်း

ကုန်သည်အနေဖြင့် ကတ်ကိုင်ဆောင်သူမှ အခြားနည်းလမ်းဖြင့် ငွေပေးချေမှုကို မလုပ်ဆောင်ချင်ဘဲ ကတ်ဖြင့်သာ ငွေပေးချေပါက ကုန်ပစ္စည်းကျသင့်ငွေထက် ပိုမိုကောက်ခံခြင်း၊ ကော်မရှင်ခကောက်ခံခြင်း၊ Discount ပေးခြင်း စသည်တို့ကို ဥပဒေမှ ရေးသားပြဌာန်းခွင့်ပြုထားခြင်း မဟုတ်ပါက လုပ်ပိုင်ခွင့်မရှိပါ။

**၁၇.ဤသဘောတူညီချက်စာချုပ်အားပြုပြင်ပြောင်းလဲခြင်း**

၁၇.၁ ဤသဘောတူညီချက်စာချုပ်တွင် ဖော်ပြထားသည့် စည်းကမ်းသတ်မှတ်ချက်များအား CB Bank မှ တစ်ဦးတည်း အာဏာလုပ်ပိုင်ခွင့်ဖြင့် အချိန်မရွေး ပြောင်းလဲပြုပြင်နိုင်မည်ဖြစ်ပြီး ထိုကဲ့သို့ပြုပြင်ရာတွင် ကုန်သည်ထံသို့ အကြောင်းကြားစာ ပေးပို့၍ သတိပေးမည် ဖြစ်ပါသည်။

၁၇.၂ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲလိုက်မှုသည် အကြောင်းကြားစာအား ကုန်သည်မှ လက်ခံရရှိသည့်အချိန် (စာပိုဒ်၁၉တွင် ဖော်ပြထားသည့်အတိုင်း) မှ စတင်၍ သက်ရောက်မှုရှိမည်ဖြစ်သည်။

**၁၈.လျှို့ဝှက်ချက်များအားကိုင်တွယ်ထိန်းသိမ်းခြင်း**

၁၈.၁ ကတ်ကိုင်ဆောင်သူ (သို့မဟုတ်) CB Bank ၏ ရေးသားခွင့်ပြုချက် မပါရှိဘဲနှင့် ကုန်သည်မှ ဤ Credit Card လက်ခံသည့် အစီအစဉ်တွင် ပါဝင်သည့်အတိုင်း ကတ်ကိုင်ဆောင်သူ (သို့မဟုတ်) CB Bank ထံမှ ရရှိသည့် အချက်အလက်များအား CB Bank မဟုတ်သည့် အခြားအဖွဲ့အစည်းများ ထံသို့ တင်ပြခြင်းများကို မည်သည့် အခြေအနေမျိုးတွင်မဆို ပြုလုပ်ခွင့်မရှိပါ။

၁၈.၂ CB Bank မှ ကုန်သည်နှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ကိစ္စရပ်များကို ဘဏ်မှ ခန့်အပ်ထားသည့် ကိုယ်စားလှယ်များ၊ အခြားသူများကို မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို ပြသခွင့်ရှိသည်။

၁၈.၃ ဤစာပိုဒ် ၁၈ သည် ဤသဘောတူညီမှု ဖျက်သိမ်းရပ်စဲပြီးသည့်တိုင် ဆက်လက် အကျိုးသက်ရောက်မည် ဖြစ်သည်။

**၁၉.သတိပေးအကြောင်းကြားမှုများ**

၁၉.၁ ဤသဘောတူညီချက်တွင် ဖော်ပြထားသည့် သတိပေးအကြောင်းကြားမှုများ အားလုံးကို စာဖြင့် ရေးသား အကြောင်းကြားရမည်ဖြစ်ပြီး ကုန်သည်ထံသို့ အကြောင်းကြားမည်ဆိုပါက ကုန်သည်မှ CB Bank ထံသို့ နောက်ဆုံးပေးပို့ထားသည့် အီးမေးလ်လိပ်စာ၊ ဖက်(စ်)နံပါတ်၊ စာပို့လိပ်စာအတိုင်း ပို့မည်ဖြစ်ပြီး CB Bank ထံသို့ အကြောင်းကြားမည် ဆိုပါက CB Bank မှ ဖော်ပြထားသည့် ရုံးခန်းလိပ်စာ၊ အီးမေးလ်လိပ်စာ၊ ဖက်(စ်)နံပါတ် အတိုင်း ပေးပို့ရမည်ဖြစ်သည်။ ပုံမှန်စာပို့စနစ်ဖြင့် ပို့ဆောင်ခြင်း ဖြစ်ပါက ပို့ဆောင်ပြီး (၃)ရက်တွင် သတိပေး အကြောင်းကြားစာအား လက်ခံရရှိသည်ဟု သတ်မှတ်မည်ဖြစ်ပြီး၊ ဖက်(စ်) (သို့မဟုတ်) အီးမေးလ်လိပ်စာဖြင့် ပေးပို့သည် ဆိုပါက ပေးပို့သည့်နေ့တွင်ပင် လက်ခံရရှိသည်ဟု သတ်မှတ်မည် ဖြစ်သည်။

၁၉.၂ ကတ်ဖြင့်ပြုလုပ်သော ရောင်းဝယ်မှု Transactions များအတွက် ငွေပေးချေမှုနှင့် ပတ်သက်၍ Merchant Discount Rate နှုန်းထား ပြောင်းလဲမှုများတွင် ထို Merchant Discount Rate နှုန်းထားများ တွက်ချက်သည့် လကုန်ခါနီး တွင်မှ CB Bank မှ အကြောင်းကြားမှုများ ပြုလုပ်မည် ဖြစ်ပါသည်။ ထိုကဲ့သို့ အကြောင်းကြားသည့် ရက်စွဲပေါ် မူတည်၍ ကုန်သည်ဘက်မှ မည်ကဲ့သို့ ကန့်ကွက်မှုမျိုးမှ မပြုလုပ်ရန် ဖြစ်ပါသည်။

**၂၀.ကုန်ကျစရိတ်များ**

ဤသဘောတူညီချက်စာချုပ်တွင် ပါဝင်သည့် အချက်အလက်များအတိုင်း လုပ်ဆောင်ရန် CB Bank မှ တိုက်တွန်း မည် ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် CB Bank မှ ကျခံရသည့် ကုန်ကျစရိတ် များ (တရားရေးရာ ကုန်ကျစရိတ် များ အပါအဝင်) ကို ကုန်သည်မှ ပြန်လည်ပေးဆောင် ကျခံရမည် ဖြစ်သည်။

**၂၁.အကျိုးသက်ရောက်မှုရှိမည့်ရက်စွဲ**

ဤသဘောတူညီချက်စာချုပ်သည် ကုန်သည် နှင့် CB Bank နှစ်ဦးစလုံးမှ ဖြစ်စေ၊ ကုန်သည်မှ ကိုယ်စား ဖြစ်စေ၊ CB Bank မှ ကိုယ်စား ဖြစ်စေ လက်မှတ်ရေးထိုးပြီးသည့် ရက်စွဲမှစ၍ စတင် အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။

**၂၂.စာရွက်စာတမ်းကုန်ကျစရိတ် များအတွက်တာဝန်ရှိမှု**

ဤသဘောတူညီချက်စာချုပ်အား ပြင်ဆင်ခြင်း၊ ပြီးမြောက်အောင် လုပ်ဆောင်ခြင်း ကိစ္စအဝဝ တို့အတွက် ကုန်ကျစရိတ် အားလုံး ပေးဆောင်ရန် ကုန်သည်မှ တာဝန်ရှိသည် ဖြစ်သည်။

**၂၃.တရားဥပဒေ**

ဤသဘောတူညီချက်စာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ တရားဥပဒေ စည်းမျဉ်းများ နှင့် ကိုက်ညီမှုရှိသည် ဖြစ်သည်။

ဤစာချုပ်ပါ သဘောတူညီချက်များကို ဖတ်ရှုပြီးပါက CB Bank ၏ E-Commerce Gateway Service အသုံးပြုခြင်းအား အနည်းဆုံး သက်တမ်း(၂)နှစ် သဘောတူစာချုပ် ချုပ်ဆိုရပါမည်။